www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၂၁၅/၉၃/၃
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၁၁၈/၉၃/၅

ဒုတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀၊

၁၉၉၃၊ ဩဂုတ်လ

**ထုတ်ဝေသူ**
ဦးမြသန်း (၀၁၀၅၀)၊ အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ ဌဲစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
**အတွင်းစာသားပုံနှိပ်သူ**
ဒေါ်ဟင်မိ (မြ - ၀၂၇၇၄)၊ ဂန္ဓဝင်ပုံနှိပ်တိုက်၊
အမှတ် ၇၇၊ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်မြို့။
**အဖုံးပုံနှိပ်သူ**
ဦးစံကြည် (၁၃၁၈၁)၊ ပညာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊
အမှတ် ၄၅၅၊ ဓာတ်ယိယာလမ်း၊ ၁၃ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
**စံလှစာပေ**၊ အမှတ် ၁၈၀၊ ၂၉-လမ်း၊
ရန်ကုန်မြို့။ ၀၁-၂၄၆၆၂၁

## မာတိကာ

မင်္ဂလာအမြင် ၁
ရှင်ရာဟုလာ၏အမှာစကား ၁၂
နိဒါန်းနှင့်မှတ်တမ်း ၁၉
အာစရိယဝန္ဒနာ ၂၄
ကျေးဇူးတင်မှတ်တမ်း ၂၆
သမန္တာဂတံပုဒ် ၂၈
စူဠသောတာပန် ၃၀
မန်းစက်တော်ရာအစစ်သာ ၃၂
အဂ္ဂနှစ်ပါးထပ်ဆင့်မေးဖြေ ၃၃
အာဏာခေတ်နှင့်ဝိသေသခေတ်တို့၌ ၏
၃၁-ဘုံရှိသည် ၃၆
ရဟန္တာဟူက မပုပ်ရ ၃၈
တရားအားထုတ်တဲ့အခါ ၄၀
လောင်းတော်ဖျို့စဉ် မြို့င်မခိုဝင်တာ ၄၄
နတ်သားတစ်ယောက် နတ်သမီးကညာ
တစ်ဖက်ငါးရာ ၄၅
ဒါနပြုရာ ဝိပဿနာ ရှုသင့်-မရှုသင့် ၄၆
ငါးပါးသီလနှင့် အာဂိဝဋ္ဌမကသီလ ၄၇
ငါးပါးသီလယူက အာဇီဝဋ္ဌမက ရ-မရ ၄၉
ဘာဒန္တနှင့် ဘဒ္ဒန္တ ၅၂
ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သုတ်ရာဝယ်
ဝိရောဓိနှင့် ပဋိပက္ခ အဓိကနှင့်ပဓာန ၅၃

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| တာဝန်နှင့် ဝတ္တရား | ၅၆ |
| ပိန်းမများ သင်္ကန်း ဝတ်ထိုက်-မဝတ်ထိုက် | ၅၈ |
| ကျောင်းကဘုရား အိမ်ကိုပင့်ပြီး ပူဇော်ရန် သင့်-မသင့် | ၆၀ |
| ဘဒ္ဒကမ္ဘာမရှိခင်က သုညကမ္ဘာ ရှိ-မရှိ | ၆၄ |
| ဘုရားအသစ်ပြုပြင်သူတို့ | ၆၆ |
| ဘုန်းကြီးများစာအုပ်အလှူခံထိုက်-မထိုက် | ၇၀ |
| ဘုန်းကြီးနှင့်ယပ် | ၇၃ |
| သိကြားသာသနာ | ၇၅ |
| ဇာတိအာဏာ ဝိသယာ သုံးဖြာလောကခေတ် | ၇၉ |
| ဥပုသ်နေ့ | ၈၃ |
| ဘုရားဆုပန်နှင့် ဝိပဿနာ | ၈၅ |
| ရဟန်းသာမဏေများက မိဘကိုရှိခိုးထိုက်ပါသလား | ၈၈ |
| ဘုရားတည်လျှင် အဘယ်အကျိုးရပါသလဲ | ၉၀ |
| လူဝတ်ကြောင်နှင့် ရဟန္တာဖြစ်လျှင် | ၉၂ |
| သာသနံဟူသောပုဒ် | ၉၄ |
| ရဟန်းတော်များ ဘုရားတည်ခြင်းကိစ္စ | ၉၆ |
| အာဟုနေယျ ပါဟုနေယျ | ၉၇ |
| နမောဗုဒ္ဓါယ | ၁၀၁ |
| ဘုရားပွဲတော်နှင့် ဇာတ်ပွဲ | ၁၀၂ |
| ဝမ္မပတိချွတ်ခန်း | ၁၀၄ |
| ဟောန္တုလား-ဟောထလား | ၁၀၇ |
| ယမိုလား-ယဦလား | ၁၀၉ |
| ရဟန္တာမလိင်ပြန်-မပြန် | ၁၁၀ |
| အမေးသုံးထွေ အဖြေသုံးပါး | ၁၁၂ |
| ကမ္ဘာဦးအစ ပိန်းမနှင့်ယောကျ်ား ဘယ်သူကစ | ၁၁၇ |
| ယောကျ်ားဖြစ်ရန် မည်သို့ကျင့် | ၁၂၀ |
| ဆံပင်၌ အပြစ် ၁၆-ပါး | ၁၂၂ |
| အရက်သောက်လျှင် | ၁၂၄ |
| သူငယ်နှင့်သေရည် | ၁၂၉ |
| လူသေလျှင် ပရိတ်ရွတ်အဖြေ | ၁၃၇ |
| လူသေလျှင် ပရိတ်ရွတ်အဖြေ | ၁၄၃ |
| လူသေလျှင် ရေစက်ချ အရင်လား-နောက်လား | ၁၄၇ |
| တစ်သင်္ချိုင်းနှင့် တစ်ကမ္ဘာ | ၁၅၁ |
| အလောင်းတော် ဘာကြောင့် တိရစ္ဆာန်ဖြစ်ရ | ၁၅၃ |
| မာရ်နတ် ဘာကြောင့်ဖျက် | ၁၅၄ |
| ခန္ဓာမာန် | ၁၅၆ |
| လက်ဖွဲ့ဇာတော်ကြီးငယ်နှင့် ဗုဒ္ဓ | ၁၅၇ |
| ဗိမ္ဗိသာရ ဓားခွဲခံရတဲ့အကြောင်း | ၁၆၁ |
| ခွေးရိုက်ကြောင်သေ အပြစ်ဘယ်လိုနေ | ၁၆၃ |
| စူဠသောတာပန် | ၁၆၄ |
| မယ်တော်မာယာနှင့် နိဗ္ဗာန် | ၁၆၆ |
| သဲပုံစေတီ | ၁၆၈ |
| ရင့်မာကျိုပ် | ၁၇၂ |
| ဖလသမာပတ် | ၁၇၂ |
| စေတနာသုံးတန် ကျိုးပေးဟန် | ၁၇၄ |
| ဣသနှင့် မစ္ဆိရိယတရားကို မည်သည့်မဂ်က ပယ်သတ်ပါသနည်း | ၁၇၈ |


www.burmeseclassic.com

www.burmeseclassic.com



နားထွေးပြီးမှ သုံးဖြတ်ရသည်မှန်၏။ သို့ရာတွင် ပုဂ္ဂိုလ်နှင့် မပတ်သက်သောအဆုံးအဖြတ်မျိုးဖြစ်ပါက ကြီးလေးသော သံသယစိတ်များ မပေါ်ပေါက်နိုင်သော်လည်း ပုဂ္ဂိုလ်နှင့် ပတ်သက်သော အဆုံးအဖြတ်မျိုး၌မူ မိမိ(ဝိနည်းဓိုရ်ပုဂ္ဂိုလ်)တွင် ကြီးလေးသော သံသယစိတ်များ ဝင်ရောက်လာတတ်သည်။ သို့ဖြစ်၍လည်း ရှေးဆရာတော်ကြီးများသည် ကြီးလေးသော ပုဂ္ဂိုလ်နှင့်ပတ်သက်သော အမှုမျိုး၌ ဝိနည်းကြောင်း အထောက်အထား မည်မျှ တိကျမှန်ကန်နေစေကာမူ ကာယကံရှင်များ ကိုယ်တိုင်ဝန်ခံမှသာ ဆုံးဖြတ်ပေးလေ့ရှိသည်။ ယင်းသည် သူများအမှု မိမိသံသယစိတ် မပါလာမည် စိုးရသောကြောင့်တည်း။

(ယ) ဝိနည်းသည် ကြမ်းတမ်း၏၊ ထို့ကြောင့် သိမ်မွေ့သည်။ ဤမျှဆိုလျှင် ဝိနည်းကို သင်ကြားဖူးသော ရဟန်းတော်တိုင်း သဘောပေါက်မိလောက်၏။ ဝိနည်းစာဝါ ပို့ချခြင်း ဒကာဒကာမများလာလျှင် ရပ်ထားရ၏။ ဝိနည်းသိက္ခာပုဒ်များသည် အသေးစိတ်ပို့ချလေ ကြမ်းလေ၊ ရှုံ့ရင်းလေ ဖြစ်၏။ မရှုံ့ရင်း မကြမ်းတမ်းဘဲ အလွန်သိမ်မွေ့သည်လည်း ရှိ၏။ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ မဟာ ဂဏ္ဌိစသော ဝိနည်းဆိုင်ရာတို့ကို ပါဠိတော်နှင့် တွဲဖက်၍ ဆရာသမားကျမ်းတတ် ပုဂ္ဂိုလ်ကြီးများထံတွင် တက်ရောက်သင်ကြားလေ ဝိနည်း၏



နက်နဲကြောင်း သိရလေဖြစ်၏။

သို့ရာတွင် ဝိနည်းကြောင်းဆိုင်ရာ အဆုံးအဖြတ်များဖြစ်သော ဤစာတမ်းစာအုပ် ဖြစ်ပေါ်လာရေးအတွက် စာပြုသူပုဂ္ဂိုလ်သည် ဤစာအုပ်၌ အချိန်ယူ၍ မည်မျှကြိုးပမ်းထားကြောင်း မှန်းဆနိုင်သည်။

သို့ရာတွင် ဤစာအုပ်၌ ဖော်ပြထားသော ဗုဒ္ဓမှ ... အမေးအဖြေများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မှမ်းမြှားသော အစ်ကာရှက်းတစ်မျိုးမျိုးကို ဆုံးဖြတ်ထားသော အကြောင်းများမဟုတ်သဖြင့် စာပြုသူ၌ မိမိအဆုံးအဖြတ်အပေါ် သံသယဖြစ်လာစရာအကြောင်း မရှိချေ။ ထို့အပြင် ဤစာအုပ်ပါ အကြောင်းအရာများသည် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အတွက် တိုးကားဆုံးဖြတ်ရန်ကျမ်းလည်း မဟုတ်ချေ။ ဤစာအုပ်ပါ အဖြေများကို ဖြေကြားသူ၏ ရည်ရွယ်ချက်မှာ ဝိနည်းဓိုရ်ပုဂ္ဂိုလ် (သို့မဟုတ်) ဝိနည်းကို လိုက်စားနေကြရသော ရဟန်းပုဂ္ဂိုလ်တစ်ဦးဦးသည် ဤစာအုပ်ကို ဖတ်ရှုလေ့လာပြီး မိမိသင်ကြားသိရှိထားသော ဝိနည်းအကြောင်းဆိုင်ရာ ... အချက်အလက်များနှင့် နှိုင်းချိန်လျက် ပို၍တိကျရန် အလို့ငှာ အထောက်အကူပြုစာတမ်းအဖြစ်သာ ရည်ရွယ်ရန် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဤဗုဒ္ဓမှဝိနည်းဆိုင်ရာ အမေးအဖြေကို

www.burmeseclassic.com

www.burmeseclassic.com



## အာစရိယဝန္ဒနာ

ဤသို့ အဖြေလွှာများရေးသားနိုင်ရန် မင်းဘူး(စကု) မြို့နယ် ပုန်တောင်ရွာကျောင်း ဆရာတော် ဦးသံဝရ(သင်ပုန်းကြီး၊ ဆယ်စောင်တွဲ၊ အတ်ကြီးဆယ်ဘွဲ့၊ သဒ္ဒါသုတ်ပြီး ရှင်ပြီး သင်္ဂဟသချုပ်ခွဲနှင့် စကုရွာတန်းဘောင်ဘည်အထိ) ထံတွင် လည်းကောင်း၊ ရေနံချောင်းမြို့ တွင်းကုန်းပုဗ္ဗာရုံကျောင်းတိုက်၌ သာမဏေဘဝဖြင့် (၅)ဝါတိုင် နေခဲ့ရာတွင် ဆရာတော် ဦးကုသလ (သဒ္ဒါ-ရူပသိဒ္ဓိ သင်္ဂဟဋီကာကျော်၊ ပါတိမောက် ကခ်ါ၊ ပုဒ်စစ်၊ မာတိကာဓာတုကထာ၊ ဘေဒစိန္တာ ကစ္စာယနသာရ ဝစ္စဝါစက)၊ ဦးကောဝိဒ (သဒ္ဒါ၊ သင်္ဂဟ၊ ဝိသုဒ္ဓိမဂ်) ဦးသာဂရ (ဆန်း၊ အဘိဓာန်၊ အလင်္ကာ)၊ ဦးဝဝန (သုတ်သီလက္ခန်၊ မဟာဝါ ပါ-၌)၊ ဦးလာဘိက (သုတ်ပါထေယျ ပါ-၌)တို့ထံတွင်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ



တိုက်၌ (၄)ဝါတိုင် နေခဲ့ရာတွင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးပညာ(သင်္ဂဟ-ဋီကာကျော်၊ ပါတိမောက်-ကခ်ါ၊ အဋ္ဌသာလိနီ၊ မူလဋီကာ)၊ အဂ္ဂါဘိဓဇဆရာတော် ဦးသုန္ဒရ (အဝိုင်ဥ္စာ၊ သံယုတ္တနိကာယ)၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဂန္ဓမာ (ဝိနည်းငါးကျမ်း ပါ-၌)တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးနာရဒ (ဈာသ)၊ အမရပူရ တုံးဖောင်းတိုက်ဆရာတော် ဦးနန္ဒိယ (ဆန်း)၊ မင်္ဂလာတိုက်ဟောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ (ပဋ္ဌာန်း-ဆိုဝါ)၊ မင်္ဂလာတိုက်သစ် ဆရာတော် ဦးခေမာသာမိ (ပဋ္ဌာန်း-ဆိုဝါ)၊ ဆရာတော် ဦးဥက္ကံသ (ယမိုက်ဆယ်ကျမ်း-ဝါဆို)တို့ထံတွင်လည်းကောင်း၊ စစ်ကိုင်း တောင်ရိုး မှန်ကျောင်း (ယခု သုံးခွပါဠိကာရီ)ဆရာတော် ဦးဝရသာမိ (သီလက္ခန္ဓ ပါ-၌ ဆိုဝါ)ထံတွင်လည်းကောင်း စာပေကျမ်းဂန်တို့ကို သင်ကြားခဲ့ပါသည်။ ၎င်းကျောင်းတိုက်တွင် စာသင်စာချအဖြစ် (၂)နှစ် သီတင်းသုံးခဲ့ပါသည်။

ထို့ပြင် မင်းဘူးမြို့၊ မှန်ကင်းတိုက်ဆရာတော် ဦးသာသန (သဒ္ဒတ၊ အင်္ဂလိပ်၊ သင်္ချာ)ထံတွင်လည်းကောင်း၊ ရန်ကုန်မြို့ ချောက်ထပ်ကြီးဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ညောင်တုန်းဆရာတော် ဦးကောဏ္ဍည (သံယုတ္တနိကာယ)၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးအာစိဏ္ဏ(ဝိသုဒ္ဓိမဂ်-၌)တို့ထံ

www.burmeseclassic.com

www.burmeseclassic.com



## ခင်းဘူး

## အရှင်ကဥ္စန၏

## ဘာသာသာရေးပြဿနာ

## အဖြေလွှာများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-သမန္တဂတံပုဒ်

[ရွှေထီးကျွန်ရာ၏ အငွဲ့ (၁၅) အမှတ် (၄၈) အမေး ကို ဖြေသည်]

သံပုဋ္ဌ-ပဒ ခတ်၊ ဒွာ ပုဋ္ဌ-ဂမုဓာတ်၊ တ-ပစ္စည်း ဖြင့် ပြီးသော သမ္ပန္နာဂတ-ပုဒ်၊ သံ+အနု+အာပုဋ္ဌ-ဂမုဓာတ်၊ တ-ပစ္စည်းဖြင့်ပြီးသော သမန္နာဂတ-ပုဒ်ဟူ၍ သဒ္ဒါအနေဖြင့်



ပါဠိ နှစ်ထွေ စဝေ၌ထပ်သည်။

ထိုတွင် သမ္ပန္နာဂတ-ဟုရှိသောပါဠိကား၊ မသင့်မြတ်။ သဂါထာဝဂ္ဂ-ဝင်္ဂီသသံယုတ်၊ သုတာသိတသုတ်-အဋ္ဌကထာ နှင့် ဋီကာကို သတိမပြုမိဘဲ ဆိုမိန့်ဟန်ရှိသည်။ သမန္နာဂတ-ပုဒ်သာ သင့်မြတ်၏-ဟု ပခုက္ကူနိကာယ မဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ညောင်ဦးဆရာတော်ဘုရားကြီး အမိန့်ရှိသည်ကို မှတ်သားရဖူးပါသည်။

ရှင်းဆရာတော်ကပင် ဝမောဒုဒန္တာနံ-သုတ် အစီအရင်ဖြင့် ဝ-အက္ခရာနှင့် သမန္နာဂတ-ဟု အချို့သော ဝင်္ဂီသသံယုတ် သုဘာသိတသုတ-ဋီကာမှာရှိလေသေးရဲ့။ ၎င်း လည်း ကောင်းပါ၏။ သို့သော် မဂဓ၌ မထင်ဟုမိန့် ပါသည်။

(အဖော်၌ပါသော သမနာဂတကိုကား ပါ-ဠတို့၌ သတိမပြုမိပါ။) သမန္နာဂတပုဒ်သာ သင့်မြတ်၏-ဟု ယူဆနိုင်ရန် အကိုးကျမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဘောဇနေမတ္တညုူ သတိသမ္ပဇညေန သမန္နာဂတော သဲ့နူရှေ့ာ-ဟူသော (သီလက္ခန်ပါဠိတော်)

သမန္နာဂတောတိ သမနုအာဂတပဝတ္တာ ယုတ္တာစ-ဟူသော (သဂါထာဝဂ္ဂ-ဝင်္ဂီသသံယုတ်၊ သုဘာသိတာသုတ်၊ အဋ္ဌကထာ)။

ဝါဒ ဟိ သဟာဇာတာယ ဝိရတိယာ သမ္မာ အနု

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည် ကျန်းမာ၊ စိတ်ပြောင်ကာဖြင့်၊ လွှန်စွာ အားထုတ်၊ နှာခံနှင့်ရှုံ့ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင် မှန်ပင်မက်ရကြောင်း. . . ၊

ဟု ဝေဆိုတော်မူကြသည်၊

ဤအမေးမှာ အာရဒ္ဓဝီရိယ လွန်စွာအားထုတ်မှုဆိုသည့် အင်္ဂါနှင့် တိုက်ရိုက် ဆက်စပ်နေပါသည်။ ဤအာရဒ္ဓ ဝီရိယဟူသည် "မလျှော့မတင်း အောင်းကြီးသည်း" ဟူသကဲ့သို့ တရားအားထုတ်ရာ၌ အားကြီးသောလုံ့လ၊ မြဲမြံသောလုံ့လ၊ ဝန်မချသောလုံ့လရှိစေပြီး မဖြိုမပဉ္စပါကျအောင် ခန္ဓာကိုယ်ကို အလွန်လည်း သက်သာမခို၊ အလွန်လည်း ပင်ပန်းမခံဘဲ အားထုတ်ဆဲ ဣန္ဒြေယာပုထ်၏ အတော်အတန် တောင့်တင်း ညောင်းညာ ကိုက်ခဲ နာကျင် ထုံထိုင်းမှုစသည့် ဆင်းရဲကို သည်းခံပြီး (ဘုရား၊တရား၊သံဃာ ရတနာသုံးပါး အပေါ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းဟူသော) သဒ္ဓါ အားထုတ်ဆဲတရားကို ဆက်လက်အားထုတ် ရှုမှတ်ပွားများ၍ နေရပါမည်၊

သို့မဟုတ် "အောင့်လျှင်အောင့်သယ်၊ တင်းလျှင်တင်းတယ်" စသည်ဖြင့် ပေါ်လာသည့်ဝေဒနာကိုပင် ရှုမှတ်ပွားများ၍ နေရပါမည်။ မခံသာသည့်အဆုံးမှ သက်သာမည် ထင်သည့် ဣရိယာပုထ်တစ်ပါးသို့ ပြောင်းလဲ၍ ဆက်လက်ပြီး



ပေါ်လာရာအာရုံကို ရှုမှတ်ပွားများ၍ နေရမည်ဟု ဆိုလိုပါသည်။ သို့မှသာမိမိတို့လိုလားသည့် တရားအဆင့်ဆင့်သို့ ရောက်နိုင်ပါမည်။ ဤစသည်ကို ရည်၍ (အနာခံမှ အသာစံရမည်၊ သုခလို ဒုက္ခနှင့်ရင်းနှီးရမည်၊ အရိပ်မလာခင် နေပူမှ အောင့်ရမည်) ဟူသော စကားပုံများကို ပညာရှိတို့ မိန့်ဆိုတော်မူခဲ့သည်။

ထိုမှတစ်ပါး. . .

သုခံ ဒုက္ခေန ကီနန္တိ၊ ဒုက္ခာ တီတာ သုခံ နေဝ။
အဘီတာဝ သုခံ လဒ္ဓါ၊ တေန ဒုက္ခေန ကီနာထ။
(လာဘာဘမေခနီကျမ်းမှ)

သုခံ၊ ချမ်းသာကို။ ဒုက္ခေန၊ ဆင်းရဲဖြင့်။ ကီနန္တိ၊ ဝယ်ယူကြရကုန်၏။ ဒုက္ခာ၊ တရားကိုအားထုတ်ရာ၌ ဖြစ်ပေါ်လာသော ဆင်းရဲခြင်းမှ။ ဘီတာ၊ ကြောက်ရွံ့၍ နောက်တွန့်တာ နေကြပါကုန်မူကား။ သုခံ၊ ဈာန်, မဂ်, ဖိုလ် ဟူသော ချမ်းသာကို။ နေဝလဒ္ဓါ၊ရကြကုန်သည်သာတည်း။ တေန၊ ထို့ကြောင့်၊ ဒုက္ခေန၊ ပဓာနိယ အာရဒ္ဓဝီရိယ ဟူသော ဆင်းရဲဖြင့်။ သုခံ၊ ဈာန်, မဂ်, ဖိုလ် ဟူသော ချမ်းသာကို ကီနာထ၊ ဖရမနေ ဝယ်ယူကြကုန်လော့။

(ဗုဒ္ဓဓမ္မလောက)

www.burmeseclassic.com

www.burmeseclassic.com



## ၈-လောင်းတော်ပျိုစဉ် မြင်မနိုင်သော နတ်၊ သိကြား၊ ဗြဟ္မာ စိုးထင်မှားကြောင့်

(အတွဲ-၁၇၊ အမှတ်-၃၊ စာမျက်နှာ-၁၊ အရှင်ကောသလ္လ (ရေးမြို့)၏ အမေးကို. . . ဖြေဆိုသည်)

ဘုရားလောင်းဟူတာ သားတစ်ယောက်ရမှ တောဝ မြိုင်လယ် နိုကြတယ်။ အကြောင်းသော့ကား နုထွားပျိုစဉ် တောသို့ဝင်လျှင် ဖသားနှင့်သား ထင်ရှားလှရွာ မရှိပါမူ ဤသည့်သူကား နတ်လား၊ သိကြားလား၊ ဗြဟ္မာလား ဟု ထင်မှားစရာ ကြောင်းပေါ်လာမည်။ နတ်လား သိကြားလား ဗြဟ္မာလားဟု ထင်မှားစရာကြောင်း ပေါ်လာမူ အံ့ချီးခြင်းငှာ မထိုက်ရာဟု ငိုလ်လူအများ အထင်မှားမည်။ ထင်မှားပါမူ နာယူမပြုယုံကြည်မှုမှာ ကင်းသည်တာကြောင့် သဒ္ဓါလေးပါး မြတ်တရားကို သိထားခြင်းငှာ မစွမ်းပါမူ ဘုရားဖြစ်ရ နိဗ္ဗုမှီ ဝင်ရမှထွက်ရာ မဟုတ်လာဘူး အကြောင်းထူးကို လောင်းထုံး (တော်) ဟူသမျှ ကြံသိကြ၍ ကြင်ရာသက်လယ် မဆက်သွယ်မီ မြိုင်ဆီတောဝမနိုကြပါ မှတ်ကြလေပါ မဟာဝါ-၄ သုတ်မှာပြသည် နောင်လာ့နောင်လာအစဉ်တည်း။ (သုတ် မဟာဝါ-၄ ၁၅ကို မှီးသည်)

(ဗုဒ္ဓဓမ္မလောက)



## ၉-နတ်သားတစ်ယောက်နတ်သမီးကညာ တစ်ဖက်ငါးရာ

(အတွဲ-၂၆၊ အမှတ်-၂၆၊ မှ အရှင်ဝါသဝ၏ အမေးကို. . . ဖြေဆိုသည်)

တာဝတိံနတ်ပြည်၌ မာလာတာရီမည်သော နတ်သားတစ်ယောက်သည် နတ်သမီးတစ်ထောင်ခြံရံလျက် ဥယျာဉ်သို့ဝင်ရာငါးရာသောနတ်သမီးတို့က ပန်းပင်ပေါ်တက် ပန်းခူး၊ ကျန်ငါးရာသောနတ်သမီးတို့က ကြွေကျလာသော ပန်းတို့ကို ကောက်ယူပြီးနတ်သားကို တန်ဆာဆင်ကြကြောင်း (ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ပတိပူဇိကာဝတ္ထု၌) လာသည်ကို ထောက်၍လည်းကောင်း၊ နတ်သားတစ်ယောက်လျှင် အချို့မှာ တစ်ထောင်မကဘဲ နတ်သမီးအခြံအရံ ၂ ကုဋေ-၅ သန်း၊ အချို့မှာ ၉-ကုဋေမျှပင်ရှိကြောင်း(မဇ္ဈိမနိကာယ် ၃-၄ ၁၁၁၌) မိန့်ဆိုထားသည်ကို ထောက်၍လည်းကောင်း အမှန်ကိုမြင် အများမြင် ဉာဏ်တွင် ရှင်းကြပါစေသတည်း။

(ဗုဒ္ဓဓမ္မလောက)

www.burmeseclassic.com

www.burmeseclassic.com



၄၊ ပ-၅၃)၌ ဖွင့်ပြတော်မူသည်ကိုလည်းကောင်း၊ နောက် (ဒီဃ-၁၊ ၄-၂၃၆)၌ မြတ်စွာဘုရားက အမ္ဗဋ္ဌလုလင်အား ပြဿနာကို မေးရာ မဖြေဘဲနေ၍ သိကြားမင်းက မြတ်စွာဘုရားဘက်မှနေပြီး ကြောက်မက်ဖွယ်သောအဆင်းကို ဖန်ဆင်း၍ ခြိမ်းခြောက်ခဲ့ပုံနှင့် မြတ်စွာဘုရားက ငါဘုရားတရားဟောသော်လည်း ငါဘုရား၏တရားကို တစ်ပါးသောသူတို့မသိကုန်ရာ၊ ထို့ကြောင့် တရားမဟောဘဲအပ္ပေါဿုက-ကြောင့်ကြမဲ့နေတော့အံ့ဟု အကြံဖြစ်တော်မူ၏။ ထိုအခါမှာ သိကြားမင်းသည် သဟမ္ပတိဗြဟ္မာမင်းနှင့်အတူလာ၍မြတ်စွာဘုရား...တရားကို ဟောတော်မူပါ။ အရှင်ဘုရားတို့က ဓမ္မစက်သည်သာဖြစ်ပါစေ၊ အပည့်တော်တို့က အာဏာစက်ဖြစ်ပါစေမည်ဟု ဝန်ခံလျှောက်ထားပုံများကို အကြောင်းပြု၍ သို့မဟုတ် ကိုးကား၍ သိကြားသာသနာဟု ခေါ်ဝေါ်ပြောဆိုနေကြခြင်းသာ ဖြစ်ပါလိမ့်မည်။

ကဿပမြတ်စွာဘုရား၏သာသနာတော်နောက်ပိုင်းမှာ ရဟန်းရှင်လူတို့ အကျင့်သီလပျက်ပြား ဒုစရိုက်တွေများလွန်း၍ သိကြားမင်းကမုဆိုးယောင်ဆောင်ပြီး ခြိမ်းခြောက်ရတဲ့ အဆင့်မျိုးရောက်နေလျှင်တော့ သိကြားသာသနာဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပါသည်။ ယခုမူ ထိုအဆင့်မျိုးသို့ မရောက်တတ်သေးဟု ယူဆပါသဖြင့်လည်းကောင်း၊ သာသနာတော်သည် အဋ္ဌကထာဆရာများအလို တစ်ဝက်သာရှိသေး၍



နောက်ပိုင်းဟု မဆိုနိုင်သေးသဖြင့်လည်းကောင်း မြတ်စွာဘုရား၏ သာသနာဟုပင် မှတ်ယူကြရပါမည့် အကြောင်း စေတနာကောင်းဖြင့် ဖြေကြားအပ်ပါသည်။

(ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ-၁၉၊ အမှတ်-၃၆)

## ၂၃-ဇာတိအာဏာဝိသယာ သုံးဖြာလောကဓာတ်

အမေး။ ။(က) ဇာတိခေတ် ဤစကြဝဠာမှအပ အနန္တစကြဝဠာတိုက်တိုင်းမှာ (၃၁)ဘုံ ရှိပါသလား။

(ခ) ဇာတိခေတ် ဤစကြဝဠာမှအပ အခြားသော လောကဓာတ် အနန္တစကြဝဠာတို့တွင် တစ်ဆူသော ဘုရားပွင့်ပါသေးသလား။

(ဂ) အမေးနှစ်ရပ်၏ အဖြေလွှာကို သိလိုသည့်အတိုင်း ဤစာစောင် အတွဲ-၁၈၊ အမှတ်-၁၃၌ ဖတ်ရပါသဖြင့် ဝမ်းသာစွာဖြင့် သာဓုခေါ်မိပါသည်။

ဦးဘစံ (မန္တလေး)

### ထပ်ဆင့်၍ မေးပါရစေ

အကယ်၍ အနန္တစကြဝဠာတိုက်တိုင်းမှာ (၃၁)ဘုံ ရှိခဲ့သော် သောတာပန်မှစ၍ အနာဂါမ်ရဟန္တာတို့သည် ဆိတ်သုဉ်းခြင်းမရှိပေရာ။ သို့ဖြစ်ရာကား အရိယာစခန်းရောက်

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌော။ သောပနေသ ဥပေါသထဒိဝသောအဋ္ဌမီစာတုဒ္ဒသီ ပန္နရသီ ဘေဒေနတိဝိဓော။

(သဂါထာဝဂ္ဂသံ ၄၊ ပဝါရဏာအဖွင့်၊ အံ ၃-ဋီ၊ မဟာဝဂ်အဖွင့်)

## တစ်နည်း

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အလုံးစုံသောနေ့တို့၌ လူတို့ဆည်စောင့်သုံးအပ်သော သီလကိုပင်ဥပေါသထ-ဥပုသ် ဟု ခေါ်ဆိုရပါသည်၊

## သာဓက

ဥပေါသထံပဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟေတဗ္ဗေဟိ ရက္ခိတဗ္ဗသီလံ။ (သုတ်မဟာဝါဋီကာ)

(ခ) လဆန်း (၈)ရက်၊ လဆုတ် (၈)ရက် ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏အမတ်၊ ၁၄-ရက် ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏သား၊ ၁၅-ရက် ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့ကိုယ်တိုင် လူ့ပြည်သို့ဆင်း၍ ထိုထိုမြို့တို့ကိုလှည့်ကာ ကောင်းမှုစာရင်းတို့ကို ရွှေသားပုရပိုက်ပေါ်တွင် ဆေးဒန်းမြင်းသီလာဖြင့် ရေးမှတ်ကောက်ယူကြကြောင်းကို အကြောင်းပြု၍ လဆန်း, လဆုတ် ၈-၁၄-၁၅ရက်တို့ကိုသာ အဓိကထားကာ ဥပုသ်ဆောက်တည်ကြသည်ဟု မှတ်ယူရပါမည်။



အဋ္ဌမိယံ ပက္ခဿ စတုဒ္ဒ မဟာရာဇူနံအမစ္စာ ။ပ။ အနုဝိစရန္တိ၊ (အံ-၃၊ပါ-၁၄၁။ ၎င်း ၄-၁၂၂။ သုမဟာဝါ-၄၊ သုတ္တသင်္ဂဟ-၄တို့၌လည်း နည်းတူ ဖွင့်ပြတော်မူသည်)

## ၂၅-ဘုရားဆုပန်နှင့် ဝိပဿနာ

**အမေး။** ။ဘုရားဆုပန်ဆိုသူ အချို့လူတို့ တရားအားမထုတ်ဘဲ နေ၍ မေးကြည့်ရာ တရားထူးရသွားလျှင် ပန်ထားသောဆု ပျက်သွားမည်ကြောက်၍ အားမထုတ်ပါဟု ပြောကြပါသည်။ ထိုသူတို့ပြောသည့်အတိုင်း မှန်-မမှန်ကိုကျမ်းဂန်နှင့် အညီ ဖြေကြားပါရန်။

အဘိုးဦးသိုက်ထွန်း (ယောဂီ)
(ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ-၁၈၊ အမှတ်-၄၉)

**အဖြေ။** ။ဘုရားအလောင်းကို ဖြည့်ကျင့်ရသော ပါရမီ(၁၀)ပါး အပြားခုဝတို့တွင် ပညာပါရမီအရာ၌ ပရမတ္ထ ရုပ်နာမ်နှင့် စပ်သော ဝိပဿနာပညာသည်သာ အကြီးဆုံး အမြတ်ဆုံးဖြစ်လေသည်။ ပညာပါရမီကို မဖြည့်သော ဘုရားအလောင်းတို့မှာ ပညာပါရမီသည် အလိုလိုပြည့်လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



## ၃၄-ဇမ္ဗူပတိချွတ်ခန်း

အမေး။ ။မြတ်စွာဘုရားပုံတော်တချို့မှာ မင်းမြောက်တန်ဆာများနှင့် ပုံတွေ ဖူးတွေ့ရပါ၏။ အထင်အရှားဆုံးကို ဆိုရလျှင် မန္တလေးမဟာမြတ်မုနိရုပ်ရှင်တော်မြတ်စွာဘုရားမှာ ဖူးမြင်နိုင်ပါသည်။ အားလုံးပြောကြတာကတော့ ဇမ္ဗူပတိမင်းချွတ်ခန်းပုံတော်လို့ သိရပါသည်။ ဘယ်စာအုပ်မှာကြည့်လျှင် သိရပါမလဲ၊ ဘယ်ကျမ်းမှာ ပါတယ်ဆိုတာ ပညာရှင်အများ ဖြေကြားပါရန် မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

အရှင်ပညာဇောတ (မကွေး)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၂၊ အမှတ်-၁၉)

အဖြေ။ ။မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို မိန့်ကြားတော်မူခဲ့သည်မှာ အာနန္ဒာ-ငါဘုရားသည် စကြဝဠာတစ်ပါးသို့ ကြွသွားတော်မူရာ၌ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်, ရဟန်းဟူသော လူပရိသတ် ၄ ပါး၊ စတုမဟာရာဇ်, တာဝတိံသာ, မာရ်နတ်, ဗြဟ္မာ ဟူသော နတ်ပရိသတ် ၄ပါး။ ပေါင်း ပရိသတ် ၈ ပါး အစည်းအဝေးများသို့ တက်ရောက်ခဲ့ဖူး၏။ ငါသည်သူတို့နှင့်အတူ ထိုင်နေဖူး၏။ စကားပြောဆိုဖူး၏။ ဆွေးနွေးဖူး၏။ ထိုမင်းတို့၏အဆင်းကဲ့သို့ပင် ငါ၏အဆင်းသည်လည်း ဖြစ်၏။ ငါသည် ထိုမင်းတို့ကို



အကျိုးစီးပွားနှင့်စပ်သော တရားစကားကို ဟောကြားခဲ့၏။ ဤသို့ ဟောကြားသော်လည်း သူတို့သည် ငါ့ကို လူလော, နတ်လော မသိကြကုန်ဟု မိန့်တော်မူ။

အဋ္ဌကထာကတော့ မြတ်စွာဘုရားသည် စကြဝဠာတစ်ပါးရှိမင်း, ပုဏ္ဏား စတဲ့ ပရိသတ်အစည်းအဝေးသို့ ကြွတော်မူတဲ့အခါမှာ ပကတိသော အသွင်အပြင်၊ အဆင်းအရောင်၊ ပုံပန်းသဏ္ဍာန်တော်အတိုင်း သက်နန်းရုံလျက် ကြွသွားတော်မူကြောင်း၊ အဲဒီ မင်း, ပုဏ္ဏားစတဲ့ ပုဂ္ဂိုလ်တွေကတော့ သူတို့ရဲ့အသွင်အပြင်၊ အဆင်းအရောင်၊ ပုံပန်းသဏ္ဍာန်နှင့်တူတယ်လို့ ထင်ကြမြင်ကြကြောင်း။ ဤသို့ထင်ကြမြင်ကြသော်လည်း မြတ်စွာဘုရား၏ ပကတိသော အဆင်းတော်ကတော့ ရွှေရောင်အဆင်း ဝါဝင်းသော အသရေတော်ရှိတယ်။ မင်း,ပုဏ္ဏား စသော သူတို့၏အဆင်းကတော့ အချို့ကတော့ ဖြူတယ်၊ အချို့ကတော့ မည်းတယ်၊ အချို့ကတော့ ညိုတယ်လို့ ဖွင့်ပြပါတယ်။ ပြီးတော့ မြတ်စွာဘုရားသည် မိလက္ခုလူမျိုးလိုပုံသဏ္ဍာန်ရှိသူလဲမဟုတ်၊ ပတ္တမြားနားတောင်းတွေ ဝတ်ဆင်ထားသူလည်းမဟုတ်ပါ။ ထိုခေတ်က မင်းများသည် မြန်မာဘုရင် မင်းတုန်းမင်း,သီပေါမင်းတို့ကဲ့သို့ ဘောင်းတော်, နားတောင်းတော်, လက်ဝတ်လက်ကြပ်, စလွယ်စသည်တို့ကို ဝတ်ဆင်ကြဘိသကဲ့သို့(ဇမ္ဗူပတိပုံတော်ကဲ့သို့) ဝတ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



အဖြေ။ ။ဤကမ္ဘာဦးအစ၌ မိန်းမကစ၍ ဖြစ်ပေါ်ပါသည်။
(သာဓက)။ ။ပဌမကပ္ပိကကာလေ ဣတ္ထိလိင်ဿ ပဌမံ ပါတု-
ဘူတတ္တာ၊ ပဌမံ နိဒ္ဒိဋ္ဌန္တိ အဓိပ္ပါယော။
(အသီတိနိပါတ်၊ မဟာဟံသဇာတ်-၄)

၂။ မိန်းမများ ဘုရားဆုကို တိုက်ရိုက်မပန်ဆင်နိုင်ပါ။

အကြောင်းကား. . . ဘုရားအလောင်းတော်များ ဗျာဒိတ်ခံယူနိုင်သော အင်္ဂါ ၈ ပါးရှိသည်တွင် လိင်္ဂသမ္ပတ္တိအရ ပုမ္ဘာဝဟူသော ယောက်ျား၏အဖြစ်လည်း အင်္ဂါတစ်ပါး ပါဝင်နေသောကြောင့်ပါတည်း။ ထို့ကြောင့် ဘုရားဆုကို ပန်ဆင်လိုသော မိန်းမသည် ပထမဦးစွာ ယောက်ျားဆုကို ပန်ဆင်ရပါမည်။ ယောက်ျားအဖြစ်ကိုရသောအခါမှ ဘုရားဆုကိုပန်ဆင်ရပါသည်။

သာဓက။ ။လိင်္ဂသမ္ပတ္တိ ပုရိသဘာဝေါ မနုဿေသုပိ ဓာတု
ဂါမာဒီနံ ပဏ္ဍကိ န ကလ္လတိ။ပ။တတ္ထ ၄တ္တာ ပဏ္ဍကိ
ကာဘာဗ္ဗာ။ (သာဌသင်္ဂဟ-၄)

နောက်တစ်မျိုးကား. . . ဂေါတမဘုရားအလောင်းသည် သင်္ချေနှစ်ဆယ် ကမ္ဘာတစ်သိန်းထက် မိန်းမဘဝဖြင့် မောင်တော်ပေါ်ရာဏတဒီပင်္ကရာ မြတ်စွာဘုရားထံမှာ ဘုရားဆုကို တောင်းခဲ့ဖူးသည် မောင်တော်ဘုရားက လိင်္ဂသမ္ပတ္တိစသော အင်္ဂါများ ချို့တဲ့သောကြောင့် အနိယတ ဗျာဒိတ်မျှကို



သာပေးတော်မူကြောင်းကို သင်္ဂါယနာတင်ကျမ်း မဟုတ်သော ဇင်းမယ်ပဏ္ဏာသ-ပဒီပဒါနဇာတ် ၄၃၆-၌ တွေ့ရပါသည်။

၃။ မိန်းမများ ယောက်ျားဘဝကို ရလိုပါလျှင်
(၁) ရတနာသုံးပါးကို ဆည်းကပ်ရမည်။
(၂) ငါးပါးသီလမြဲရမည်။
(၃) မိန်းမ၏အဖြစ်၌ ငြီးငွေ့ရွံမုန်းပြီး ယောက်ျား ဖြစ်လိုသောဆန္ဒ ပြင်းပြရမည်။

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် အိမ်ထောင်မရှိသော မိန်းမများ ယောက်ျားဖြစ်နိုင်ပါသည်။ အိမ်ထောင်ရှိလျှင် အင်္ဂါ တစ်ပါးအနေဖြင့် မိမိ၏ လင်ယောက်ျားအပေါ်၌ မယားဝတ် ငါးပါး ကျေပွန်ရမည်။ (ဒီဃ ၃၊ ပါ ၂၁၆၊ ရင်း ၄-၂၉၈)

နောက်တစ်မျိုးကား-အိမ်ထောင်မရှိသောမိန်းမသည် မိန်းမ၏အဖြစ်၌ ငြီးငွေ့ရွံမုန်းသောစိတ်ဖြင့် ဒါနစသော ကောင်းမှုကိုပြု၍ ယောက်ျားဆုကိုတောင်းက ယောက်ျားဖြစ် နိုင်ပါသည်။

(ဓမ္မပဒ၊ သောရေယျဝတ္ထု)
(ဗုဒ္ဓမဂ္ဂလောက အတွဲ-၁၈၊ အမှတ်-၅၀)

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါမှာ အားလုံး အစာမစားရ အဝတ်မဝတ်ရသည့် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးမှာ ဖြစ်ကြပြီး ဤဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူကြသည့် ကကုသန်, ကောဏာဂုံ, ကဿပ မြတ်စွာဘုရားတို့ အထံမှာ"တပည့်တော်များ ဘယ်သောအခါမှ အစာစားရပါအံ့နည်း၊ အဝတ်ဝတ်ရပါအံ့နည်း ဘုရား" ဟု ကိုယ်ထင်ပြကာ လျှောက်ထားလာကြသည်များကို ထောက်သော် ယခုအခါ သံဃာတော်များ ရွတ်ဖတ်တော်မူကြသည့် ပရိတ်တော်များအတွက် အနီးအနားကို မကပ်မရောက်နိုင်ဘဲ ရှိပါအံ့နည်း၊ ကပ်ရောက်နိုင်ကြမည်မှာ သေချာသည်။

**မှတ်ချက်။** ။ဤအမေး၌ ပုဂ္ဂိုလ်အလိုက် အရပ်ဓလေ့ ရွာထုံးစံများ ရှိနေသဖြင့်လည်းကောင်း၊ ကျမ်းဂန်များ၌လည်း ဆွမ်းလှူလျှင် ဆွမ်းအနုမောဒနာ၊ သင်္ကန်းလှူလျှင် သင်္ကန်းအနုမောဒနာ ပြုတော်မူသည် ဟူ၍မျှလောက်သာ ပါရှိပြီး သီလပေး၊ ပရိတ်ရွတ်၊ ရေစက်ချ စသည်ဖြင့် ပိုင်းပိုင်းခြားခြား အစဉ်အားဖြင့် မပါသောကြောင့်လည်းကောင်း၊ ပရိတ်ရွတ်မှုကအရင် ရေစက်ချမှုကနောက် ပြုမှသာ တိကျမှန်ကန်သည်ဟု ဖြေဆိုခြင်းငှာ မဝံ့ပါ။

(ဗုဒ္ဓဓမ္မလောက)



## ၄၇-တစ်သင်္ချေနှင့် တစ်ကမ္ဘာ

**အမေး။** ။ဗုဒ္ဓမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရအောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် စုဆောင်းဆည်းပူးတော်မူခဲ့ရ၏။

(၁) တစ်သင်္ချေလျှင် နှစ်ပေါင်းဘယ်လောက်ရှိသနည်း။

(၂) တစ်ကမ္ဘာလျှင် နှစ်ပေါင်းဘယ်လောက်ရှိသနည်း။ သိလိုပါ၍ ပညာရှင်အပေါင်းတို့ ဖြေကြားပေးတော်မူရန် တောင်းပန်လိုက်ပါသည်။

ဘိုးပု (လားရှိုးမြို့)

**အဖြေ။** ။၁။ တစ်သင်္ချေမှာ နှစ်အရေအတွက်ကို မဆိုထားနှင့် ကပ်ကမ္ဘာအရေအတွက်ကိုပင် ရေတွက်၍ မပြနိုင်ပါ။

(ဒီဃ-၂၊ ၄-၄-၅)

၂။ လူတို့၏အသက် အသင်္ချေယျတန်းမှ စ၍ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ အသက်၁၀-နှစ်တန်းသို့ ရောက်၏။ တစ်ဖန် ၁၀-နှစ်တန်းမှ တရားကျင့်၍ အသက်ရှည်လာပြန်ရာ အသက်အသင်္ချေယျတန်းသို့ ရောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သာ သဲပုံစေတီ တည်ထားကိုးကွယ်မှုကို ပြနေခြင်းဖြစ်သည် ဟူ၍သာ မှတ်ယူရပါမည်။

၃။ အပါယ်လေးပါးသို့ မလားရခြင်း၊ လှပြည် နတ်ပြည်တို့၌သာ ကျင်လည်ရခြင်း၊ စကြဝတေးမင်းဖြစ်ရခြင်း၊ ရဟန္တာဖြစ်ရခြင်း အကျိုးများကို ခံစားရပါသည်။

(ဗုဒ္ဓဓမ္မလောက)

## ၅၇-ရင့်မာတစ်ကျိပ်

**အမေး။** ။ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာ ဘုရားများ၏ ဖြစ်တော်စဉ်များတွင်. . . နုမာ-၅၀၀၊ ရင့်မာ တစ်ကျိပ်၊ နောင်လာရှစ်သောင်း ဘုရားပေါင်းဟူသော အဆိုအမိန့်ထဲမှ ဘုရား(ရင့်မာတစ်ကျိပ်)တို့၏ အမည်တော်များနှင့် ဘုရားလောင်းတော်များ ဗျာဒိတ်ပန်း ဆင်မြန်းရာ၌ မည်သည့်အင်္ဂါရပ်တော်များနှင့် ပြည့်စုံမှ ဗျာဒိတ်တော်ခံယူနိုင်ကြောင်း အစရှိသည်ကို ကျွန်တော်မသိရှိပါ။ ကျွန်တော်ကဲ့သို့ပင် မသိရှိသူများလည်း ရှိနေဦးမည် ထင်ပါသဖြင့် အလျဉ်းသင့်သည့်အချိန် ဤစာစောင်၌ ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံပါသည်။

ဦးစိန်မောင် (ဂွတ္တလစ်၊ ရန်ကုန်)



**ရင့်မာတစ်ကျိပ်။** ။မေတ္တေ, ရာမ၊ ကောသလနှင့်၊ ဝဂ်, ဝဂ်ီ၊ နာဋ်ိ၊ ဘိသူ၊ အသူ,ဒေါဒေ၊ တထေပုလဲ၊ မှတ်မြဲရင့်မာ၊ တစ်ကျိပ်သာရှင့် ဟူသည်နှင့်အညီ. . .

၁။ မေတ္တေယျ၊
၂။ ရာမမင်း၊
၃။ ကောသလမင်း၊
၄။ ဝဂ်ကပုဏ္ဏား၊
၅။ ဝဂ်ီကပုဏ္ဏား၊
၆။ နာဋ္ဌာဂီရိဆင်၊
၇။ အဘိဘူနတ်၊
၈။ အသူရိန်နတ်၊
၉။ ဒေါဒေယျပုဏ္ဏား၊
၁၀။ ပုလလဲဆင် ဟူ၍ တစ်ကျိပ်တည်း။

ဗျာဒိတ်ရကြောင်း အင်္ဂါ (၈)ပါး

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊
ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊
အဓိကာရော စ ဆန္ဒတာ။
အဋ္ဌ ဓမ္မသမောဓာနာ၊
အဘိနီဟာရော သမိဇ္ဈတိ ဟူသည်နှင့်အညီ. . .

www.burmeseclassic.com

www.burmeseclassic.com



တမ္ဗဒါဌိကာ ခိုးသူသတ် ယောက်ျားသည် အရှင်သာရိပုတ္တရာဟူသော ကလျာဏမိတ္တကို ရ၍ ငရဲမှလွတ်ပြီး တုသိတာနတ်ပြည်သို့ လားရောက်ရသည်။ (ဓမ္မပဒ)

(ဗုဒ္ဓဓမ္မလောက)

## မြ-ဒွန်တမ္ဗဝါစာ နကဝုစ် ဗဟုဝုစ်

(အတွဲ-၁၈၊ အမှတ်-၃၄၊ ရွှေထီးကျွန်းရာ ၏ အမေးကို. . . ဖြေဆိုသည်။)

၁။(က) ပရိပုဏ္ဏသ ေ အဿ စ-ဟု အဿပုဒ်ကို ဝါကျခွန်ပြု၍ ရေးသားထားသော ပဒေသာ တိုက်ရိုက် ဘုရားကြီးမှသည် ဝိမတိဋ္ဌိကာနည်းကို မှီး၍ ဧကဝုစ် ရေးသားထားတော်မူခြင်း ဖြစ်သည်။

(ခ)ပရိပုဏ္ဏမေသံဥ္စေသံဟူသောပုဒ်သည်လည်း. . .

အထက်ပါ အဿ စ အဿ စ-ဟူသော နှစ်ပုဒ်ကို ဧကသေသ်ပြုထားသောပုဒ် ဖြစ်၏၊ ၎င်းဧကသေသ် ဧသံပုဒ်နှင့် ပရိပုဏ္ဏပုဒ်တို့ သန္ဓိစပ်၍ ပရိပုဏ္ဏမေသ-ဟု ရေးသားထားသော ပိဋကတ်တော် ပြန့်ပွားရေးမှသည် ပါရာဇိကဏ်နှင့် စူဠဝါပါဠိတော်၌လာရှိသော အသဝိပုန္ဓဇသုတတို့၏ ကမ္မဝါစာကို မှီး၍ ဗဟုဝုစ်နည်း ရေးသား ထားတော်မူခြင်း ဖြစ်



သည်။ ထို့ကြောင့် နှစ်မျိုးလုံးပင် မှန်သည်ဟု မှတ်ယူရပါမည်။

### တုဏှိနှင့်တုဏှီ

၂။ ဝိနည်းပါဠိတော်များ၌ လာရှိသော ကမ္မဝါစာများမှာ အားလုံးပင် "တဿ တုဏှီ" ဟု ဒီဃနှင့်သာ တွေ့ရပါသည်။

တုဏှီ၏ပုဒ်ရင်းမှာ တုဏှုပုဒ် (အဘာသနတ္ထ) အဿတ္ထိအနက်၌ (ဧ) ဤပစ္စည်းသက်၍ တဏှိဟု ပြီးသည်။ ဤသို့. . . တုဏှီဟူသော ဒီဃကို တုဏှိဟု ရဿ ဖတ်ရွတ်ရာ၌ ဘာမပျက်ကြောင်းကိုလည်း (ပရိဝါ-၄၊ ၂၄၈-၅၌) ဖွင့်ပြထားပါသည်။

ထိုမှတစ်ပါး-တုဏှီတိ ပဒံ ဘိက္ခူနာတိပဒဿ ဝိသေသနံ၊ တုဏှိက္ကာတိ ဋီတံ ကတ္တရိစာတိ သုတ္တေန နာဝိဘတ္တိ၊ သဒ္ဒသမာတျာဒိနာ နာလောပေါ။ (ပါတိမောက္ခဝဏ္ဏာပါဠိ)

ဤအထက်ပါစကားရပ်များကိုထောက်သော် တုဏှိနှင့် တုဏှီ နှစ်ပုဒ်လုံးပင်မှန်သည်ဟု မှတ်ယူရပါမည်။

ဤ၌ ချဲ့ပါရစေ၊ ဝိနယ ပါ-၄ တို့၌ ရဟန်းလောင်းနှစ်ပါး-သုံးပါး တွဲ၍ဖတ်ရသော ဒွန်ကမ္မဝါစာဟူ၍ တိုက်ရိုက်မတွေ့မိပေ။ ဝိမတိဋီကာ၌သာ ဒွန်တဝုစ်တွဲပုံ အရိပ်အမြွက်မျှ တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပါ-၅ တို့၌ ဒွန်ကမ္ဘဝါစာများ တိုက်ရိုက်မလာ မရှိသော်လည်း "ကံလေးပါးအားလျော်စွာ မဂဓဘာသာ၍တ် ဖတ်နည်းဖြင့် ရွတ်ဖတ်သည်ဖြစ်စေ၊ လိုအပ်သောအနက် အဓိပ္ပာယ် ပါရှိသည်ဖြစ်စေ ဤအကြောင်းနှစ်ပါးစုံလျှင် ကမ္မ ဝါစာသမ္ပတ္တိဖြစ်၍ ကံပြီးမြောက်သည်ကို သိမှတ်အပ်သ တည်း" ဟု (စူဠဝါသမုဒ္ဒယခန္ဓကဖွင့်လာသော မဟာသုမထေရ် နှင့် မဟာပဒုမထေရ်တို့၏ ဝါဒချင်းနှီးနှောရာ အခန်းတွင်) မိုင်းခိုင်းဆရာတော် မိန့်ကြားတော်မူသည်။ (တိခပဋ္ဌက)

ထို့နောက်ရှင်းဆရာတော်သည်ပင် ဥပသမ္ပဒဒွန်ကမ္မ ဝါစာတွင်. . . ပရိပုဏ္ဏာသာ ပတ္တစီဝရံ၌ ပရိပုဏ္ဏံ တေသံ ပတ္တ စီဝရံ ဟူ၍လည်းကောင်း။ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ ဟူ၍လည်းကောင်း၊ ပရိပုဏ္ဏာသာ စ အဿ စ ပတ္တစီဝရံ ဟူ၍လည်းကောင်း ရွတ်ဖတ်သင့်ကြောင်းနှင့်မဟာ ဓမ္မိကာရာမတိုက် စသင်းဆရာတော်ကား အဿ၌ တ-သဒ္ဒါ သည်လွန်ပြီးသောရဟန်းလောင်းနှစ်ယောက်ကိုသုံးယောက်ကို စွဲနိုင်, ပောနိုင်ရကား ပရိပုဏ္ဏာသာ-ဟု-အဿ-သဒ္ဒါတစ်ချက် တည်းဖြင့် ဖတ်သော်လည်း သင့်လျော်၏ဟု မိန့်တော်မူ ကြောင်းကိုလည်း (တိခပဋ္ဌက ၌) ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ မူများနှင့် မတူသော မျက်မှောက် ခေတ် ကမ္မဝါစာများကိုဖော်ပြပါဦးမည်။ ဒွန်တွဲပုံကိုသာ ပြပါအံ့။



ကျောက်ကုန်းတောရမေဒိနီမူ၌-

အယံ စ နာဂေါ အယံ စ နာဂေါ အယံ စ နာဂေါ။

ပ။ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ ဟူ၍လည်းကောင်း။

ပခုက္ကူမူ၌-

၁။ အယံ စ သုမနော အယံ စ ပဒုမော အာယသ္မတော သီလာစာရဿ ဥပသမ္ပဒါပေက္ခော ။ပ။ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ ဟူ၍လည်းကောင်း၊

၂။ ဣမေ သောမတေဇိန္ဒာ အာယသ္မတော အာစိဏ္ဏဿ ဥပသမ္ပဒါ ပေက္ခာ ။ပ။ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ ဟူ၍ လည်းကောင်း၊

၃။ အယံ ဝဏ္ဏော သုမင်္ဂလာ အာယသ္မတော ကုသလဿ ဥပသမ္ပဒါပေက္ခာ ။ပ။ ပရိပုဏ္ဏာသာ ပတ္တစီဝရံ ဟူ၍ လည်းကောင်း တွေ့ရပါသည်။

ရှင်းမူများအတိုင်းလည်း ကံဆောင်နေကြပါသည်။ ထိုထိုဆရာတော်များသည်လည်း သာသနာတော်မှာ နေ-လ အသွင်ထင်ရှားသော ဆရာတော်များဖြစ်၍ ထိုမူများအပေါ်၌ လည်း အမှားအမှန် ယုံမှားမရှိမူ၍ အမှန်များသာဟု မှတ်ယူ သင့်ကြောင်း စေတနာကောင်းဖြင့် ဖော်ပြအပ်ပါသတည်း။

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၉၊ အမှတ်-၁၁)

www.burmeseclassic.com

www.burmeseclassic.com



ကံထိုက်သည်ဟု ဖွင့်ပြတော်မူသည်ကိုထောက်သော် လိမ်ကျ သည်။ လူညပုသ်သည်များမှာ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်သည်ဟု မှတ်ယူရပါမည်။

ယူဆချက်

ဤစာရေးသူအနေဖြင့် ဆွမ်းစားခါနီးအချိန်မှာ လက်ဖက်ရည်ကြမ်း တစ်ခွက် နှစ်ခွက် သောက်မိလျှင် ဆွမ်း စား၍ မကောင်းတော့သည်ကို အကြမ်းများစွာ ကိုယ်တွေ့ သိရသဖြင့် လက်ဖက်ရည်ကြမ်းကို ယာဝကာလိယတွင် သွင်း ယူ မှတ်သားထားပါသည်။

## ၇၆-ရှင်သာမဏေနှင့် ပရိက္ခရာ

**အမေး။** ။ရှင်သာမဏေပြုရာမှာ ပရိက္ခရာရှစ်ပါးစုံမှ သာမဏေဖြစ်ပါသလား၊ အဲဒါကို ပညာရှင်များ အများသိအောင် ပါဠိ၊အဋ္ဌကထာ ဒေသာကျမ်းများ၌ ပါသော အတိုင်း ဖြေကြားပေးပါရန်။

ဦးမောင်ကျော် (ဈာပုံမြို့)

**အဖြေ။** ။ပရိက္ခာရာသဒ္ဒါသည် အလင်္ကာရ-တန်ဆာ ဟူသော



အနက်၊ ပရိဝါရ-အသုံးအဆောင်, အခြံအရံဟူသော အနက်၊ သမ္ဘာရ-အဆောက်အအုံဟူသော အနက်သုံးပါးကို ဟောပါသည်။ ထို့ကြောင့် ပရိက္ခရာသည် ၈-ပါးသာ မဟုတ်၊ အောက်ပါ ပါဠိ တို့၌လည်း အောက်ပါအတိုင်း ၁၂-ပါးအထိ ဖွင့်ပြထားပါသည်။

၁။သင်းပိုင်၊ ၂။ကေသိ(ကိုယ်ရုံ)၊ ၃။ဒုကုဋ်(၂-ထပ်)၊ ၄။သပိတ်၊ ၅။ခါးပန်းကြိုး၊ ၆။သင်ဓုန်းဓား၊ ၇။ အပ်နှင့်အပ်ချည်၊ ၈။ရေစစ်၊ ၉။အိပ်ရာခင်း၊ ၁၀။နိသီဒိုင် (သားရေနယ်)၊ ၁၁။တော်ဝှေး၊ သို့မဟုတ် ဆီကျည်ဘူး၊ ၁၂။ ထီး၊ သို့မဟုတ် ဖိနပ်များဖြစ်သည်။

(ပရိက္ခရာရှစ်ပါးပြ ပါဠိ-များကား. . . ဝိ ၁-၄၊ ပ ၂၀၅။ အံ့ ၄၊၄ ၃၈၀။ ပဏီ ၁-၄၊ဒု-၁၁၆။ ဇာတက ၄၊ ပ-၇၆။ ဗုဒ္ဓ-၄၊၃၃၃။ အပ-၄၊ ပ-၇၈။ မဟာနိ-၄၊၄၀၉။ ပရိက္ခရာ ကိုးပါး, ဆယ်ပါး, ဆယ့်တစ်ပါး, ဆယ့်နှစ်ပါးပြ ပါဠိ-များကား ပဏ်-၁၊ ပါ-၂၃၈။ ပဏ်-၁ ၄၊ဒု-၁၁၆။ အံ-၄ ၄၊ ၃၈၀။ ဒီ-၁ ၄၊ ၁၈၄-၁၈၅)

ပရိက္ခရာဆိုသည့်အတိုင်း အပြည့်အစုံလှူဒါန်းပါလျှင် အပြည့်အစုံ ခံစားရပါမည်။ မပြည့်မစုံလှူဒါန်းလျှင် မပြည့်မစုံ နှင့် အတုအပအကျိုးမျှလောက်သာ ခံစားရမည်ဟု မှတ်သား ရပါမည်။ ရဟန်းပြုရာ ရှင်ပြုရာမှာ ပရိက္ခရာဘယ်နှပါးနှင့်

www.burmeseclassic.com

